## နိုင်ငံကူးလက်မှတ်ပျက်စီး၍ အသစ်ပြန်လည်လျှောက်ထားရာတွင် တင်ပြရမည့် ကိုယ်ရေးအချက်အလက်များ

၁။ ကိုယ်ရေးလျှောက်လွှာ

၂။ ကိုယ်ရေးမှတ်တမ်းပုံစံ (Biodata From) အား မိမိလျှောက်ထားမည့် နိုင်ငံကူးလက်မှတ် အမျိုးအစားအလိုက် Download ရယူ၍ ဖြည့်စွက်ရန်ဖြစ်ပါသည်။

၃။ Passport Size ဓာတ်ပုံ (၃) ပုံ

၄။ နိုင်ငံသားစိစစ်ရေးကတ်ပြား ရှေ့/နောက် ထင်ရှားပြတ်သားသည့် မိတ္တူ

၅။ နိုင်ငံကူးလက်မှတ် (ပျက်စီး) မူရင်း

၆။ Visa မိတ္တူ (PR ကတ်/ Work Permit/ Study Permit/ Visitor Record)

၇။ နိုင်ငံကူးလက်မှတ်စာအုပ်ဖိုး (USD -40) + နိုင်ငံကူးလက်မှတ်ပျက်စီး ဒဏ်ကြေး (USD – 105) ၊ စုစုပေါင်း (USD – 145 ) (CASH)

၈။ UPS စာအိတ်ဖိုး CAD -50 ( မသရ၊ ဝါရှင်တန်သို့ ကိုယ်ရေးအချက်အလက်များ ပေးပို့ရန် နှင့်မသရ၊ ဝါရှင်တန်မှ မြန်မာနိုင်ငံကူးလက်မှတ်အား ပြန်လည်ပေးပို့ရန်ဖြစ်ပါသည်။)

၉။ Prepaid Return Envelope (နိုင်ငံကူးလက်မှတ်အသစ်ရရှိပါက ကာယကံရှင်ထံ ပြန်လည် ပေးပို့ရန်ဖြစ်ပါသည်။)

ဖော်ပြပါအချက်အလက်များစုံလင်ပါက မြန်မာသံရုံး၊ အော်တာဝါမြို့၏ လိပ်စာ- 336 Island Park Drive, Ottawa, ON K1Y 0A7 သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့ရန်ဖြစ်ပါသည်။

အထက်ပါအတိုင်း နိုင်ငံကူးလက်မှတ်ဆိုင်ရာကိစ္စရပ်များအတွက် နိုင်ငံကူးလက်မှတ်နှင့် အခြားစာရွက်စာတမ်းများကို Canada Post/FedEx/UPS စာပို့လမ်းကြောင်းများမှ ပေးပို့ရာတွင် UPS ဖြင့် ပေးပို့သည့် စာ/ပါဆယ်/နိုင်ငံကူးလက်မှတ်များ ပျောက်ဆုံးမှုများ ကြုံတွေ့ရကြောင်း မကြာခဏသိရှိရသဖြင့် သတိပြုဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။ ကာယကံရှင် အသုံးပြု သည့် စာပို့စနစ်ကြောင့် အချိန်မီမရရှိခြင်း၊ ပျောက်ဆုံးခြင်းများ ဖြစ်ပွားပါက ကာယကံရှင်များ

အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေကြရပါသည်။ သံရုံးအနေဖြင့် နိုင်ငံသားများအကျိုးရှေ့ရှုလျက် ဖြစ်ပေါ်လာသည့် ပြဿနာများကို သံရုံး၏ အခွင့်အာဏာအတွင်းမှ ညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိပါကြောင်းကို အသိပေးအပ်ပါသည်။

မှတ်ချက်။ **ကိုယ်ရေးအချက်အလက်များ ဖြည့်စွက်ရာတွင် One Sided Print ပြုလုပ်၍ စာရွက် တစ်ရွက်လျှင် တစ်ဘက် (one side) သာအသုံးပြုရန်နှင့် ကျောကပ် (both side) အသုံးပြုခြင်းမပြုပါရန်။**